ပြည်သူ့လွှတ်တော်ရုံး
သုတေသနဌာန

ရက်စွဲ။ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်

# ICJ နှင့် မြန်မာနိုင်ငံ

## အကျဉ်းချုပ်

အပြည်ပြည်ဆိုင်ရာတရားရုံး (International Court of Justice – ICJ) သည် ၁၉၄၅ ခုနှစ်တွင် ပေါ်ပေါက်ခဲ့သော ကုလသမဂ္ဂပဋိညာဉ်စာတမ်းအရ တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ကုလသမဂ္ဂ၏ အဓိကတရားရေးအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ ထို့ပြင် ကမ္ဘာ့တရားရုံးဟု ခေါ်ဆိုကြသော ICJ သည် ကုလသမဂ္ဂဆိုင်ရာ အဓိကအဖွဲ့အစည်းများ (၆) ခုအနက်မှ (၁) ခု အပါအဝင်ဖြစ်ပါသည်။ ICJ ၏ အဓိကလုပ်ငန်းတာဝန်များမှာ နိုင်ငံအချင်းချင်းဖြစ်ပွားသောပြဿနာများနှင့် ကုလသမဂ္ဂမှ ချမှတ်ထားသည့် ဥပဒေချိုးဖောက်သောနိုင်ငံများကို တရားစွဲပြီး ပြစ်ဒဏ်ချမှတ်ရခြင်းပင် ဖြစ်ပါသည်။ ICJ သည် စတင်ဖွဲ့စည်းချိန်မှစ၍ လက်ရှိအချိန်ထိ ကမ္ဘာ့နိုင်ငံအချင်းချင်းဖြစ်ပွားသည့် အမှုပေါင်း ၁၇၈ မှု ကိုင်တွယ်ခဲ့ပြီး မြန်မာနိုင်ငံမှရင်ဆိုင်ဖြေရှင်းခဲ့ရသည့်အမှုမှာ ၁၇၈ မှုမြောက် ဖြစ်ပါသည်။ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်တွင် ဂမ်ဘီယာနိုင်ငံမှ မြန်မာနိုင်ငံအား လူမျိုးသုဉ်းသတ်ဖြတ်မှုနှင့် တရားစွဲဆိုခဲ့ရာ ICJ မှ ကြားဖြတ်အစီအမံများ ချမှတ်ခဲ့ပါသည်။ မြန်မာနိုင်ငံသည် ICJ သို့ တင်သွင်းရမည့် ပထမအကြိမ်အစီရင်ခံစာကို ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၂ ရက်တွင် တင်သွင်းခဲ့ပြီး ဒုတိယအကြိမ်မြောက် အစီရင်ခံစာအား ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၃ ရက်တွင် ထပ်မံတင်သွင်းခဲ့ပါသည်။

ဤစာတမ်းတိုတွင် အပြည်ပြည်ဆိုင်ရာ တရားရုံးပေါ်ပေါက်လာပုံ၊ တရားရုံး၏လုပ်ငန်းတာဝန်များ၊ ICJ တွင် မြန်မာနိုင်ငံကို ဂမ်ဘီယာနိုင်ငံမှ တရားစွဲဆိုခြင်း၊ ကြားဖြတ်အစီအမံများအပေါ် မြန်မာနိုင်ငံမှ ဆောင်ရွက်နေမှုများ၊ နိုင်ငံရေးလေ့လာသုံးသပ်သူများ၏ သုံးသပ်ချက်များနှင့်အမြင်များနှင့် လွှတ်တော်မှမေးမြန်းဆောင်ရွက်ချက်များအား သိရှိနိုင်စေရန် စုစည်းရေးသားပြုစုထားခြင်း ဖြစ်ပါသည်။

သုတေသနစာတမ်းတိုအမှတ်စဉ် (၁၅၉)

ဤစာတမ်းတိုနှင့်ပတ်သက်၍ သတိပြုရန်အချက်များအား နောက်ဆုံးစာမျက်နှာတွင် ဖော်ပြထားသည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၃ |
| ၂။ | ရည်ရွယ်ချက် | ၄ |
| ၃။ | အချက်အလက်ဖော်ပြမှုနည်းနာနိဿယများ | ၅ |
| ၄။ | အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) ပေါ်ပေါက်လာပုံ | ၅ |
| ၅။ | ICJ ၏ လုပ်ငန်းတာဝန်များ | ၆ |
| ၆။ | တရားသူကြီးများ၏ အခန်းကဏ္ဍ | ၆ |
| ၇။ | ICJ နှင့် ICC ကွာခြားပုံ | ၇ |
| ၈။ | ICJ တွင် မြန်မာနိုင်ငံကို ဂမ်ဘီယာနိုင်ငံမှ တရားစွဲဆိုခြင်း | ၉ |
| ၉။ | မြန်မာ၊ ဂမ်ဘီယာနှစ်နိုင်ငံ တောင်းဆိုချက်များ | ၁၁ |
| ၁၀။ | ICJ မှ မြန်မာနိုင်ငံသို့ ချမှတ်လိုက်သော ကြားဖြတ်စီမံဆောင်ရွက်ချက်များ | ၁၂ |
| ၁၁။ | ကြားဖြတ်အစီအမံများအပေါ် မြန်မာနိုင်ငံမှဆောင်ရွက်နေမှုများ | ၁၃ |
| ၁၂။ | ICJ နှင့်စပ်လျဉ်း၍ လွှတ်တော်မှမေးမြန်းဆောင်ရွက်ချက်များ | ၁၆ |
| ၁၃။ | သုံးသပ်ချက်များနှင့်အမြင်များ | ၁၈ |
| ၁၄။ | နိဂုံး | ၂၀ |

**နိဒါန်း**

၁။ အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) သည် ကမ္ဘာ့ကုလသမဂ္ဂ၏ ပင်မတရားစီရင်ရေး အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ကမ္ဘာ့တရားရုံးဟုလည်း အများကခေါ်ဆိုကြပါသည်။ ICJ ၏ အဓိက လုပ်ဆောင်ချက်များသည် နိုင်ငံများမှတင်ပြသည့် နိုင်ငံတကာဥပဒေဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းပေးရန်နှင့် သဘောထားအကြံဉာဏ်များပေးရန် ဖြစ်ပါသည်။ ၎င်းတို့၏သဘောထားများနှင့် ဆုံးဖြတ်ချက်များမှတစ်ဆင့် ယင်းတရားရုံးသည် နိုင်ငံတကာဥပဒေရင်းမြစ်တစ်ခုအဖြစ် ဆောင်ရွက် ပါသည်။ ICJ ၌ ပြဋ္ဌာန်းထားသောဥပဒေများသည် ၁၉၂၀ ပြည့်နှစ်တွင် တည်ထောင်ခဲ့သော နိုင်ငံတကာတရားစီရင်ရေးဆိုင်ရာ အမြဲတမ်းတရားရုံး (Permanent Court of International Justice –PCIJ) ကို ဖျက်သိမ်းခဲ့ပြီးနောက် ၎င်း၏ဥပဒေအများစုကို ပြန်လည်ထည့်သွင်းပြဋ္ဌာန်း၍ ဖွဲ့စည်းထားခြင်း ဖြစ်ပါသည်။[1]

၂။ ကုလသမဂ္ဂပဋိညာဉ်စာတမ်း အပိုဒ် ၉၄ အရ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအသီးသီး သည် မိမိပါဝင်သောမည်သည့်အမှုတွင်မဆို အပြည်ပြည်ဆိုင်ရာတရားရုံး၏ဆုံးဖြတ်ချက်ကို လိုက်နာ ဆောင်ရွက်ရန် တာဝန်ယူရမည်ဖြစ်ပြီး အမှုတစ်ခုခုတွင်ပါဝင်သော အမှုသည်နိုင်ငံတစ်နိုင်ငံက အဆိုပါတရားရုံး၏ဆုံးဖြတ်ချက်အရ မိမိအပေါ်ကျရောက်သောတာဝန်များကို ဆောင်ရွက်ရန် ပျက်ကွက်လျှင် တစ်ဖက်အမှုသည်နိုင်ငံသည် လုံခြုံရေးကောင်စီ၏ အကူအညီကို ရယူနိုင်ပါသည်။ လုံခြုံရေးကောင်စီသည် မိမိလိုအပ်သည်ဟုထင်မြင်လျှင် ထိုစီရင်ချက်အတိုင်းအတည်ဖြစ်စေရန် မည်သို့စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း ထောက်ခံချက်များပေးနိုင်သည် သို့မဟုတ် ဆုံးဖြတ်နိုင် ပါသည်။[2]

၃။ ICJ တွင် အမှုရှုံးလျှင် ရှုံးသည့်သူ သို့မဟုတ် ရှုံးသည့်နိုင်ငံအား ပိတ်ဆို့မှု၊ လျော်ကြေးနှင့် ရှုံ့ချခြင်းစသည့် ပြစ်ဒဏ်များအား ချမှတ်လေ့ရှိပါသည်။ သို့သော် ထိုပြစ်ဒဏ်များအား သေချာကျခံ

[1]ကျော်သူမောင်၊ ICJ ဆိုတာဘာလဲ၊ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့ထုတ် 7 Days news {Available from; https:// tinyurl. com/y5z2hnvo} မှ ကောက်နုတ်ရရှိပါသည်။ (ကြည့်ရှုသည့်ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၀ ရက်)

[2] ကုလသမဂ္ဂပြန်ကြားရေးဌာန၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ ပဋိညာဉ်စာချုပ်နှင့် အပြည်ပြည်ဆိုင်ရာတရားရုံး၏ ဥပဒေ {Available from; https://unic. un.org/ aroundworld/unics/common/documents/publications/uncharter/yangon_charter_myanmar.pdf} မှ ကောက်နုတ်ရရှိပါသည်။ (ကြည့်ရှုသည့်ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၈ ရက်)

စေရန် ဖြေရှင်းဆောင်ရွက်ပေးမည့် စစ်တပ်နှင့်အာဏာပိုင်အဖွဲ့အစည်း လုံးဝမရှိပါ။ ထို့ကြောင့် ICJ မှ ချမှတ်လိုက်သော ပြစ်ဒဏ်အား အမှုရှုံးသည့်နိုင်ငံမှ လက်မခံနိုင်ကြောင်းငြင်းဆိုလျှင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ (UN Security Council) အား အကူအညီတောင်းခံရပါသည်။ သို့သော် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အမြဲတမ်းအဖွဲ့ဝင်ဖြစ်သော တရုတ်၊ အမေရိကန်၊ ရုရှား၊ ပြင်သစ်နှင့် အင်္ဂလန်နိုင်ငံတို့မှတစ်နိုင်ငံက ဗီတိုအာဏာဖြင့် အမှုကိုအပြီးပြတ်ပိတ်သိမ်းနိုင်ပါသည်။ ယင်းကဲ့သို့ အဖြစ်အပျက်မှာ ICJ သမိုင်းတွင် သက်သေသာဓကအဖြစ် ထင်ထင်ရှားရှားရှိနေခဲ့ပါသည်။ ၎င်းမှာ ၁၉၈၆ ခုနှစ်တွင် အမေရိကန်နိုင်ငံနှင့် နိုင်ကာရာဂွာ(Nicaragua)နိုင်ငံတို့ အမှုရင်ဆိုင်ရာ၌ အမေရိကန်နိုင်ငံမှ အမှုရှုံးသော်လည်း တရားရုံးဆုံးဖြတ်ချက်ကို အမေရိကန်နိုင်ငံမှ မလိုက်နာသောကြောင့် နိုင်ကာရာဂွာနိုင်ငံမှ လုံခြုံရေးကောင်စီ ရှေ့မှောက်တင်သွင်းခဲ့ပါသည်။ သို့သော် အမေရိကန်နိုင်ငံမှ ဗီတိုအာဏာဖြင့် ပယ်ချလိုက်သောကြောင့် နောက်ဆုံးတွင် အမှုပိတ်ခဲ့ရပါသည်။ ICJ မှ ကိုင်တွယ်ခဲ့သော အမှုများသည် ၁ နှစ်၊ ၂ နှစ်မှနေ၍ ၃၄ နှစ်အထိ ကြာမြင့်တတ်သည်ကို တွေ့ရှိရပါသည်။[3]

## ရည်ရွယ်ချက်

၄။ ဤစာတမ်းတိုအားရေးသားရခြင်း၏ ရည်ရွယ်ချက်မှာ–

(က) နိုင်ငံတကာအဖွဲ့အစည်းတစ်ခုဖြစ်သော အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) ပေါ်ပေါက်လာပုံနှင့် ၎င်း၏လုပ်ငန်းတာဝန်များကို သိရှိစေရန်၊

(ခ) ICJ တွင် ဂမ်ဘီယာနိုင်ငံမှ မြန်မာနိုင်ငံအား လူမျိုးသုဉ်းသတ်ဖြတ်မှုနှင့်ပတ်သတ်၍ တရားစွဲဆိုမှုပြီးနောက် မြန်မာနိုင်ငံမှဆောင်ရွက်နေမှုများနှင့် လွှတ်တော်မှမေးမြန်းဆောင်ရွက်ချက်များကိုသိရှိစေရန်နှင့်

(ဂ) ICJ တွင် မြန်မာနိုင်ငံတရားစွဲဆိုခံရမှုနှင့်စပ်လျဉ်း၍ သုံးသပ်ချက်နှင့်အမြင်များကို သိရှိနိုင်စေရန် ရည်ရွယ်ပါသည်။

---

[3] The Court၊ International Court of Justice၊ {Available from; https://www.icj-cij.org/en/court} မှ ကောက်နုတ်ရရှိပါသည်။ (ကြည့်ရှုသည့်ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၃ ရက်)

**အချက်အလက်ဖော်ပြမှုနည်းနာနိသသယများ**

၅။ ဤစာတမ်းတိုတွင် ထည့်သွင်းထားသည့် အချက်အလက်များကို အစိုးရမှထုတ်ပြန်ထားသည့် နိုင်ငံပိုင်သတင်းစာများ၊ ပြည်တွင်းနှင့် ပြည်ပနိုင်ငံအချို့၏ Website များ၊ စာအုပ်များ၊ Info Digest Journal၊ ပြည်ထောင်စုလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်အစည်းအဝေးမှတ်တမ်းများမှ ထုတ်နုတ်ရေးသားထားခြင်း ဖြစ်ပါသည်။

**အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) ပေါ်ပေါက်လာပုံ**

၆။ ပထမကမ္ဘာစစ်ကြီးပြီးနောက် ၁၉၁၉ ခုနှစ်တွင် ပါရီငြိမ်းချမ်းရေးညီလာခံ၌ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိုထိန်းသိမ်းရန် ရည်ရွယ်ချက်ဖြင့် ပထမဦးဆုံးကမ္ဘာ့အစိုးရနိုင်ငံများအဖွဲ့ချုပ်ကို စတင်ဖွဲ့စည်းခဲ့ပါသည်။ ထိုအဖွဲ့ချုပ်၏ ပဋိညာဉ်ပါ အပိုဒ် ၁၄ အရ နိုင်ငံတကာတရားစီရင်ရေးဆိုင်ရာ အမြဲတမ်းတရားရုံး (Permanent Court of International Justice–PCIJ) ကို ဖွဲ့စည်းခဲ့ပါသည်။ သို့သော် ၁၉၃၀ ပြည့်နှစ်များ၌ အပြည်ပြည်ဆိုင်ရာ တင်းမာမှုများနှင့်အတူ PCIJ တရားရုံးအပေါ် နိုင်ငံများမှ ယုံကြည်အားထားမှုလျော့နည်းလာသဖြင့် နိုင်ငံပေါင်းချုပ်အသင်းကြီး၏ဆုံးဖြတ်ချက်အရ ကမ္ဘာ့အစိုးရနိုင်ငံများအဖွဲ့ချုပ်နှင့် နိုင်ငံတကာတရားစီရင်ရေးဆိုင်ရာ အမြဲတမ်းတရားရုံး (PCIJ) ကို ဖျက်သိမ်းခဲ့ပြီး ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်း (United Nations – UN) နှင့် အပြည်ပြည်ဆိုင်ရာ တရားရုံး (International Court of Justice–ICJ) တို့ကို တစ်ပြိုင်တည်းပြောင်းလဲဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါသည်။[4]

၇။ ICJ ကို တည်ထောင်ခဲ့ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ နိုင်ငံရေးအရေးကိစ္စများ ဖြေရှင်းရန် မဟုတ်ဘဲ တရားစီရင်ရေးအတွက်သာ ဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ) ကို ကမ္ဘာ့ကုလသမဂ္ဂ၏ အစိတ်အပိုင်းတစ်ခုအဖြစ် အမေရိကန်ပြည်ထောင်စု၊ ဆန်ဖရန်စစ္စကိုမြို့တွင် ၁၉၄၅ ခုနှစ်၊ ဇွန်လ ၂၆ ရက်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ ကုလသမဂ္ဂပဋိညာဉ် အပိုဒ် ၉၃ (၁) ပါ ပြဋ္ဌာန်းချက်အရ ကုလသမဂ္ဂတွင်ပါဝင်သည့် အဖွဲ့ဝင်အားလုံးသည် အလိုအလျောက် ICJ ၏ စာချုပ်ဝင်နိုင်ငံများ ဖြစ်ကြရပါသည်။ ယခုအချိန်တွင် ဥရောပတိုက်၊ နယ်သာလန်နိုင်ငံ၊

---

[4] International Court of Justice၊ History {Available from; https://www.icj-cij.org/en/history} မှ ကောက်နုတ်ရရှိပါသည်။ (ကြည့်ရှုသည့်ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၈ ရက်)

သည်ဟိတ်ဂ် (The Huage) မြို့တွင် ငြိမ်းချမ်းရေးနန်းတော်ဟု တင်စားခေါ်ဝေါ်သည့် ICJ ကို ရုံးစိုက်ထားပြီး အဓိကသုံးသည့်ရုံးသုံးဘာသာစကားမှာ အင်္ဂလိပ်နှင့်ပြင်သစ်ဘာသာစကား ဖြစ်ပါသည်။ [5]

## ICJ ၏ လုပ်ငန်းတာဝန်များ

၈။ ICJ တရားရုံး၏အခန်းကဏ္ဍမှာ အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အညီ နိုင်ငံများမှ တင်ပြသည့် နိုင်ငံတကာဥပဒေဆိုင်ရာ အငြင်းပွားမှုများကိုဖြေရှင်းရန်နှင့် ၎င်းတို့ထံ ကုလသမဂ္ဂမှ လွှဲပြောင်းပေးသည့် ဥပဒေဆိုင်ရာကိစ္စရပ်များအပေါ် အကြံပြုသဘောထားအမြင်များပေးရန်ဖြစ်ပါသည်။ ၎င်းတို့၏ သဘောထားများနှင့် ဆုံးဖြတ်ချက်များမှတစ်ဆင့် ယင်းတရားရုံးသည် နိုင်ငံတကာဥပဒေရင်းမြစ်တစ်ခုအဖြစ် ဆောင်ရွက်ပါသည်။ ICJ တရားရုံးသည် အမှုများကို လူသိရှင်ကြား ကြားနာစစ်ဆေးလေ့ရှိပြီး အမှုရင်ဆိုင်နေရစဉ်အတွင်း ICJ ရှေ့မှောက်သို့ နှုတ်ဖြင့်သော်လည်းကောင်း၊ စာဖြင့်သော်လည်းကောင်း လျှောက်ထားတင်သွင်းမှုများကို ပြုလုပ်နိုင်ပါသည်။ ICJ ၏ စည်းမျဉ်းစည်းကမ်းနှင့်လုပ်ထုံးလုပ်နည်း (Rules of Court) အသေးစိတ်တို့ကို ၁၉၇၈ ခုနှစ်၊ ဧပြီလ ၁၄ ရက်တွင် အတည်ပြုခဲ့ပြီး ပြင်ဆင်ဖြည့်စွက်ချက်များကိုလည်း အခါအားလျော်စွာ ပြုလုပ်လျက်ရှိပါသည်။ [6]

## တရားသူကြီးများ၏ အခန်းကဏ္ဍ

၉။ အပြည်ပြည်ဆိုင်ရာတရားရုံးကို ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံနှင့် လုံခြုံရေးကောင်စီတို့မှ ရွေးချယ်ပေးသော နိုင်ငံပေါင်း ၁၅ နိုင်ငံမှ တရားသူကြီး ၁၅ ဦးနှင့် ဖွဲ့စည်းထားပါသည်။ တရားသူကြီးများ၏ သက်တမ်းမှာ ၉ နှစ် ဖြစ်ပြီး ထပ်မံရွေးကောက်ခံပိုင်ခွင့်ရှိပါသည်။ စည်းကမ်းသတ်မှတ်ချက်တစ်ရပ်မဟုတ်သော်လည်း လုံခြုံရေးကောင်စီအဖွဲ့ဝင် ၅ နိုင်ငံမှ တရားသူကြီးများသည် ပုံမှန်ရွေးကောက်တင်မြှောက်ခံရလေ့ရှိပါသည်။ ICJ တရားသူကြီးရွေးကောက်ပွဲသည် အသွင်ထူးခြားသည့် မဲပေးရွေးချယ်မှု ဖြစ်ပါသည်။ ပါဝင်ယှဉ်ပြိုင်သူအနေဖြင့် လုံခြုံရေးကောင်စီနှင့် အထွေထွေညီလာခံနှစ်ရပ်လုံးတွင် တစ်ပြိုင်နက်တည်းပြုလုပ်သည့် ရွေးကောက်ပွဲတွင်

[5] The court၊ International Court of Justice၊ {Available from; https://www.icj-cij.org/en/court} မှ ကောက်နုတ်ရရှိပါသည်။ (ကြည့်ရှုသည့်ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၀ ရက်)

[6] International Court of Justice၊ How the court work {Available from; https://www.icj-cij.org/en/how-the-court-works} မှ ကောက်နုတ်ရရှိပါသည်။ (ကြည့်ရှုသည့်ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၂ ရက်)

မဲအရေအတွက်အသာစီးရရှိရန် လိုအပ်ပါသည်။ လက်ရှိတရားသူကြီး ၁၅ ဦးမှာ ဆိုမာလီယာ (ဥက္ကဋ္ဌ)၊ တရုတ် (ဒုတိယဥက္ကဋ္ဌ)၊ ဆလိုဗက်ကီးယား၊ ပြင်သစ်၊ မော်ရိုကို၊ ဘရာဇီးလ်၊ အမေရိကန်၊ အီတလီ၊ ယူဂန်ဒါ၊ အိန္ဒိယ၊ ဂျမေကာ၊ ဩစတြေးလျ၊ ရုရှား၊ လက်ဘနွန်နှင့် ဂျပန်နိုင်ငံတို့မှ ဖြစ်ကြပါသည်။ ICJ ၏ လက်ရှိဥက္ကဋ္ဌသည် ဆိုမာလီယာနိုင်ငံသား၊ အက်ဘ်ဒူကာဝီ အာမက်ထ် ယူဆွက်ဖ် (Abdulqawi Ahmed Yusuf) ဖြစ်ပါသည်။

၁၀။ တရားသူကြီးများအနေဖြင့် အမှုကိစ္စများကို စီရင်ဆုံးဖြတ်ရာတွင် အပြည်ပြည်ဆိုင်ရာ ဥပဒေကြောင်းအရ စဉ်းစားဆုံးဖြတ်ပြီး လျှောက်လဲချက်များ၊ တင်သွင်းသည့်သက်သေခံအထောက် အထားများနှင့် စာရွက်စာတမ်းများခိုင်မာမှုအပေါ်အခြေခံ၍ နိုင်ငံရေးအရာဘက်လိုက်မှု ကင်းရှင်းစေ ရန် လုပ်ဆောင်ကြပါသည်။ တရားသူကြီးများသည် ပူးတွဲဆုံးဖြတ်ချက်များ သို့မဟုတ် ၎င်းတို့၏ သဘောထားအမြင်များကိုလည်း ပေးနိုင်ပါသည်။ ဆုံးဖြတ်ချက်များနှင့် အကြံပြု သဘောထားများကို တရားသူကြီးအများစုဖြင့်ဆုံးဖြတ်မှုသည် ဆန္ဒမဲအရေအတွက်တူညီနေလျှင် ဥက္ကဋ္ဌ၏မဲသည် အရေးပါလာမည် ဖြစ်ပါသည်။ ထို့ပြင် ICJ ရှေ့မှောက် အမှုရင်ဆိုင်ရမည့် အမှုသည်နိုင်ငံများ၏ နိုင်ငံသားမှာ လက်ရှိရွေးကောက် တင်မြှောက်ခံထားရသည့် ICJတရားသူကြီး ၁၅ ဦးထဲတွင် မပါဝင်ပါက အမှုသည်နိုင်ငံများအနေဖြင့် Judge Ad Hoc တစ်ဦးစီ ခန့်အပ်ပိုင်ခွင့် ရှိပါသည်။[7]

## ICJ နှင့် ICC ကွာခြားပုံ

၁၁။ ကုလသမဂ္ဂ၏ တရားစီရင်ရေးဆိုင်ရာ ပင်မအဖွဲ့အစည်းဖြစ်သည့် ICJ ၏ လုပ်ငန်းတာဝန် များမှာ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဥပဒေကြောင်းဆိုင်ရာအငြင်းပွားမှုများ ဖြစ်ပွားပါက လက်ခံကြားနာပြီး ဖြေရှင်းပေးခြင်းနှင့် ကုလသမဂ္ဂအဖွဲ့အစည်းတစ်ရပ်ရပ်မှ ဥပဒေပိုင်း ဆိုင်ရာအကြံဉာဏ်များ တောင်းခံလာပါက အကြံဉာဏ်များပေးခြင်းတို့ကို ဆောင်ရွက်ပေးရန် ဖြစ်ပါ သည်။

၁၂။ နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံး (International Criminal Court–ICC) မှာ ပြစ်မှုထင်ရှား သော လူ့အခွင့်အရေးချိုးဖောက်မှုများ၊ စစ်ရာဇဝတ်မှုကျူးလွန်မှုများ၊ နိုင်ငံတစ်နိုင်ငံမှ အခြားနိုင်ငံ၏

[7] ဒေါက်တာအရှင်သောဘိတ၊ တရားသူကြီးများ၏ အခန်းကဏ္ဍ၊ မှန်ရာကိုသစ္စာဆိုမည် ICJ ဆီ ၊ စာမျက်နှာ ၁၉၂ မှ ကောက်နုတ်ရရှိပါသည်။

အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲမှုနှင့် လွတ်လပ်ခြင်းအား အင်အားသုံး၍ ကျူးလွန်သည့်အမှုကိစ္စများကို အရေးယူရန် ၂၀၀၂ ခုနှစ်၊ ဧပြီလ ၁ ရက်တွင် စတင်ဖွဲ့စည်းခဲ့သည့် တရားရုံးဖြစ်ပါသည်။ နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံး (ICC) တွင် အကဲဖြတ်အဖွဲ့ဝင်တရားသူကြီး (၁၈) ဦး ရှိ၍ (၉)နှစ် တာဝန်ထမ်းဆောင်နိုင်ပြီး သက်တမ်းမှာတစ်ကြိမ်သာ ဖြစ်ပါသည်။ ဂျီနိုဆိုက်၊ စစ်ရာဇဝတ်မှု၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့်ရာဇဝတ်မှုများနှင့် ပတ်သတ်သည်များကို ICC မှကိုင်တွယ်ဆောင်ရွက်ခြင်းဖြစ်ပါသည်။ နိုင်ငံ၏အစိုးရမှ မိမိတို့နိုင်ငံအတွင်းရှိ ပြည်သူများအပေါ် ၎င်းတို့အစိုးရကိုယ်တိုင်က လူ့အခွင့်အရေးချိုးဖောက်မှု သို့မဟုတ် ထိုချိုးဖောက်မှုများကို သက်ဆိုင်ရာနိုင်ငံမှ နိုင်ငံတော်အဆင့်အရေးယူမှုမရှိသည့်အတွက် ကမ္ဘာ့လူ့အခွင့်အရေးဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်ရန် ကုလသမဂ္ဂမှကြီးမှူးဆောင်ရွက်၍ နိုင်ငံပေါင်း ၆၆ နိုင်ငံပါဝင်သော အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။[8]

၁၃။ ICJ နှင့် ICC တို့၏ လုပ်ငန်းစဉ်ခြားနားချက်များအား အောက်ပါအတိုင်း လေ့လာနိုင်ပါသည်–

| စဉ် | အကြောင်းအရာ | နိုင်ငံတကာတရားရုံး (ICJ) | နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားရုံး (ICC) |
|---|---|---|---|
| ၁။ | တည်ထောင်သည့်ခုနှစ် | ၁၉၄၅ ခုနှစ်၊ ဇွန်လ ၂၆ ရက် | ၂၀၀၂ ခုနှစ်၊ ဧပြီလ ၁ ရက် |
| ၂။ | တည်နေရာ (Headquarters) | နယ်သာလန်နိုင်ငံ၊ သည်ဟိတ်ဂ်မြို့ ငြိမ်းချမ်းရေးနန်းတော် | နယ်သာလန်နိုင်ငံ၊ သည်ဟိတ်ဂ်မြို့ |
| ၃။ | အယူခံခြင်း (Appeals) | ICJ၏ ဆုံးဖြတ်ချက်အား နိုင်ငံများမှ လိုက်နာခြင်းမရှိပါက ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှ ပြန်လည်သုံးသပ်နိုင်ပါသည်။ | ရောမဥပဒေအရ အယူခံခွင့်ရှိပါသည်။ |
| ၄။ | ကုလသမဂ္ဂနှင့် ဆက်ဆံရေး (Relationship with UN) | ကုလသမဂ္ဂ၏ ပင်မတရားစီရင်ရေး အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ | ကုလသမဂ္ဂမှ ထိန်းချုပ်ထားခြင်းမရှိပါ။ ကုလသမဂ္ဂ၏ အရေးယူမှုမရှိဘဲ တရားစွဲဆိုမှုအား စတင်နိုင်ပါသည်။ |

[8] ဝင်းဇော်လတ်၊ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုတရားရုံးစာတမ်းတို (ICC – International Criminal Court)၊ စာတမ်းတိုအမှတ်စဉ်–၁၀၁၊ ၂၀၁၉ခုနှစ်၊ မေလ ၂၀ ရက်ထုတ် ပြည်သူ့လွှတ်တော်၊ သုတေသနဌာန {Available from; https://www.pyithuhluttaw.gov.mm/node/ 10869} မှ ကောက်နုတ်ရရှိပါသည်။ (ကြည့်ရှုသည့်ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၈ ရက်)

| စဉ် | အကြောင်းအရာ | နိုင်ငံတကာတရားရုံး (ICJ) | နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားရုံး (ICC) |
|---|---|---|---|
| ၅။ | ဖြစ်ရပ်အမျိုးအစားများ (Types of Cases) | ကုန်သွယ်ရေး၊ သဘာဝအရင်းအမြစ်များ၊ လူ့အခွင့်အရေး၊ စာချုပ်များကို ချိုးဖောက်ခြင်း။ | လူမျိုးသုဉ်းသတ်ဖြတ်မှု၊ လူသား မျိုးနွယ်အပေါ် ဆန့်ကျင်သော ရာဇဝတ်မှုများ။ |
| ၆။ | တာဝန်များ (Responsibilities) | ICJ သည် ကုလသမဂ္ဂ၏ တရားစီရင်ရေးဌာနဖြစ်သောကြောင့် တရားဝင်အငြင်းပွားမှုများကိုဖြေရှင်းပြီး အဖွဲ့ဝင်နိုင်ငံများမှတင်ပြသော ကိစ္စရပ်များအပေါ် အကြံပြုသဘောထားအမြင်များ ပေးပါသည်။[9] | ရောမသဘောတူစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးထားသည့် နိုင်ငံများသည် ၎င်း၏ အချုပ်အခြာအာဏာနယ်နိမိတ်အတွင်း ရာဇဝတ်မှုကျူးလွန်လျှင်သော်လည်းကောင်း၊နိုင်ငံအတွင်းရှိ ပြည်သူများမှ တရားစွဲဆိုလျှင် သော်လည်းကောင်း၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီမှလွှဲပြောင်းပေးအပ်သည့် တရားစီရင်ရေးအမှုများအား တရားစီရင်ပိုင်ခွင့်ရှိသည့် တရားရုံးဖြစ်ပါသည်။[10] |

## ICJ တွင် မြန်မာနိုင်ငံကို ဂမ်ဘီယာနိုင်ငံမှ တရားစွဲဆိုခြင်း

၁၄။ မြန်မာနိုင်ငံသည် လူမျိုးသုဉ်းသတ်ဖြတ်မှု တားဆီးရေးနှင့်အပြစ်ပေးရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ် (Genocide Convention) ကို ၁၉၄၉ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပြီး ယင်းကွန်ဗန်းရှင်း စတင်အသက်ဝင်ခဲ့သော ၁၉၅၆ ခုနှစ်၊ မတ်လ ၁၄ ရက်တွင် မြန်မာနိုင်ငံသည် တရားဝင်အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပါသည်။ အစ္စလာမ်မစ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်း (Organization of Islamic Cooperation–OIC) တွင် ၅၇ နိုင်ငံပါဝင်ပြီး ဂမ်ဘီယာနိုင်ငံသည်လည်း အဖွဲ့ဝင်တစ်နိုင်ငံဖြစ်ပါသည်။ ဂမ်ဘီယာနိုင်ငံနှင့် မြန်မာနိုင်ငံသည် ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်တွင် သံတမန်ဆက်သွယ်ရေးထူထောင်ထားသည်မှအပ နှစ်နိုင်ငံဆက်သွယ်မှုမရှိသလောက်နည်းပါးသောနိုင်ငံလည်း ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် လူမျိုးသုဉ်းသတ်ဖြတ်မှု

[9] Difference between ICC and ICJ – all that you need to know ၊International Court of Justice – ICJ၊ {Available from; https://forumias.com/portal/difference-between-icc-and-icj-all-that-you-need-to-know/ } မှ ကောက်နုတ်ရရှိပါသည်။ (ကြည့်ရှုသည့်ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၀ ရက်)

[10] ဝင်းဇော်လတ်၊ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုတရားရုံးစာတမ်းတို (ICC – International Criminal Court)၊ စာတမ်းတိုအမှတ်စဉ်–၁၀၁၊ ၂၀၁၉ခုနှစ်၊ မေလ ၂၀ရက်ထုတ် ပြည်သူ့လွှတ်တော်၊ သုတေသနဌာန {Available from; https://www.pyithuhluttaw.gov. mm/node/ 10869} မှ ကောက်နုတ်ရရှိပါသည်။ (ကြည့်ရှုသည့်ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၀ ရက်)

တားဆီးရေးနှင့် အပြစ်ပေးရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ် (Genocide Convention) တွင် ပါဝင်လက်မှတ်ရေးထိုးထားသည့် နိုင်ငံဖြစ်သော်လည်း သဘောတူစာချုပ်ပါအချက်များအတိုင်း လိုက်နာဆောင်ရွက်ရန်ပျက်ကွက်သည့်နိုင်ငံအဖြစ် ဂမ်ဘီယာနိုင်ငံမှ တရားလိုနိုင်ငံအဖြစ် ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်တွင် အမှုဖွင့်ခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါစွပ်စွဲချက်များနှင့်ပတ်သက်၍ နယ်သာလန်နိုင်ငံ၊ သည်ဟိတ်ဂ်မြို့ရှိ ကုလသမဂ္ဂ၏ အမြင့်ဆုံးတရားရုံးဖြစ်သော ICJ တွင် တရားစွဲဆိုခဲ့ပါသည်။ မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့်ပဋိပက္ခများမှာ ဂမ်ဘီယာနိုင်ငံအပေါ် တိုက်ရိုက်သက်ရောက်ခဲ့ခြင်းမရှိသော်လည်း အစ္စလာမ်ဘာသာဝင်များအရေးနှင့်ပတ်သတ်၍ ဂမ်ဘီယာနိုင်ငံသည် OIC တွင် တက်ကြွစွာပါဝင်ခဲ့သည်ကို တွေ့ရှိရပါသည်။ ရခိုင်အရေးကိစ္စကို ဖြေရှင်းရေးအတွက် OIC က ၂၀၁၉ ခုနှစ်၊ မေလတွင် ဒါကာမြို့၌ ကျင်းပခဲ့သည့် OIC နိုင်ငံခြားရေးဝန်ကြီးများ ကောင်စီအစည်းအဝေးတွင် ဖွဲ့စည်းခဲ့သည့် ad hoc ကော်မတီတစ်ရပ်အား ဂမ်ဘီယာနိုင်ငံမှ ဦးဆောင်ခဲ့ပါသည်။ ထိုအစည်းအဝေးတွင် ဂမ်ဘီယာနိုင်ငံသည် OIC ကိုယ်စား မြန်မာနိုင်ငံကို ICJ တွင် တရားစွဲဆိုရန် တိုက်တွန်းခဲ့ပြီး ၂၀၂၀ ပြည့်နှစ်၊ မေလကုန်တွင် ကျင်းပခဲ့သည့် (၁၄) ကြိမ်မြောက် OIC ထိပ်သီးညီလာခံတွင် အတည်ပြုခဲ့သည့် အပြီးသတ်ကြေညာချက်တွင် ထည့်သွင်းဖော်ပြခဲ့ပါသည်။

၁၅။ ICJ တွင် ဂမ်ဘီယာနိုင်ငံ၏ စွပ်စွဲချက်များမှာ "မြန်မာနိုင်ငံသည် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသည့် လူမျိုးစုအပေါ်တွင် ဖိနှိပ်ဆက်ဆံမှုများကို ဆယ်စုနှစ်ပေါင်းများစွာ ပြုလုပ်ခဲ့ခြင်း၊ ထိုလူမျိုးစု၏ တရားဝင်ရပိုင်ခွင့်များကိုပေးရန်ငြင်းဆန်ခဲ့ခြင်း၊ ၎င်းတို့အား ဆန့်ကျင်သည့် အမုန်းတရားများကို ဝါဒဖြန့်ခဲ့ခြင်း၊ ထိုလူမျိုးစုများကို အစုအဖွဲ့တစ်ခုအဖြစ်ပစ်မှတ်ထား၍ အစုလိုက်၊ အပြုံလိုက် လူမျိုးသုဉ်းသတ်ဖြတ်မှုများကျူးလွန်နေခြင်း၊ နယ်မြေရှင်းလင်းသည့် စစ်ဆင်ရေးများကို ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်တွင် ပြန်လည်စတင်ခဲ့ခြင်း၊ ထိုလူမျိုးစုအား လူမျိုးသုဉ်းသတ်ဖြတ်မှုနှင့် ခြိမ်းခြောက်မှုများ ဆက်လက်ဖြစ်ပွားနေခြင်း" စသည်တို့ဖြင့် စွဲချက်တင်၍ ဂမ်ဘီယာနိုင်ငံမှ မြန်မာအစိုးရသည် ဂျီနိုဆိုက်ကွန်ဗင်းရှင်းကို ချိုးဖောက်ခဲ့ခြင်းရှိ/မရှိ စုံစမ်းပေးပါရန် ICJ သို့ တောင်းဆိုခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့် OIC နိုင်ငံများသည် အပြည်ပြည်ဆိုင်ရာ

တရားစီရင်မှုလမ်းကြောင်းမှ မြန်မာနိုင်ငံအား အရေးယူဆောင်ရွက်နိုင်ရေး နည်းလမ်းအဖြစ် ICJ ကိုယ်စားတရားစွဲဆိုမှုကို OIC ကိုယ်စား ဂမ်ဘီယာနိုင်ငံမှ ပြုလုပ်လာခဲ့ခြင်းဖြစ်ပါသည်။[11]

## မြန်မာ၊ ဂမ်ဘီယာနှစ်နိုင်ငံ တောင်းဆိုချက်များ

၁၆။ ICJ တွင် မြန်မာနှင့် ဂမ်ဘီယာနှစ်နိုင်ငံတို့၏ ကြားနာမှုကို ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်၊ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ပြုလုပ်ခဲ့ပြီး ယင်းကြားနာမှု ၃ ရက်အပြီးတွင် ဂမ်ဘီယာမှ တောင်းဆိုသောအချက် ၆ ချက်နှင့် မြန်မာနိုင်ငံမှတောင်းဆိုသောအချက် ၂ ချက်တို့ကို ICJ မှ ထုတ်ပြန်ခဲ့ပါသည်။

၁၇။ မြန်မာနိုင်ငံမှ တောင်းဆိုသော ၂ ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) အမှုအား စာရင်းမှလုံးဝပယ်ဖျက်ရန် နှင့်

(ခ) မပယ်ဖျက်ပေးနိုင်လျှင် ဂမ်ဘီယာနိုင်ငံဘက်မှ တောင်းဆိုထားသော ကြားဖြတ်စီမံချက်များဆောင်ရွက်ရန်အမိန့်အား မထုတ်ပြန်ပေးရန် တို့ဖြစ်ကြပါသည်။

၁၈။ ဂမ်ဘီယာနိုင်ငံမှ တောင်းဆိုသော အချက် ၆ ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) လူမျိုးသုဉ်းသတ်ဖြတ်မှု ဂျီနိုဆိုက်ဟုယူဆနိုင်သော၊ ဂျီနိုဆိုက်ဘက်သို့ ဦးတည်သွားစေနိုင်သော အရာအားလုံးကို မြန်မာအစိုးရမှ ရပ်တန့်ပေးရန်နှင့် ဘင်္ဂါလီလူမျိုးများ (ICJ ၏ တရားဝင်ထုတ်ပြန်ချက်အရ ရိုဟင်ဂျာဟု သုံးနှုန်းထားပါသည်)ကို ဥပဒေမဲ့သတ်ဖြတ်ခြင်း၊ ရုပ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်ခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း၊ အိုးအိမ်ရပ်ရွာများကို မီးရှို့ခြင်း၊ တိရစ္ဆာန်နှင့်လယ်ယာမြေများကို မီးရှို့ဖျက်ဆီးခြင်းနှင့် အသက်ရှင်နေထိုင်ရေးအတွက် လိုအပ်သည့်အရာများကို ဖျက်ဆီးခြင်းစသည်တို့ကို မပြုလုပ်ရန်၊

(ခ) မြန်မာစစ်တပ်၊ လက်နက်ကိုင်တပ်ဖွဲ့များ၊ မည်သည့်အခြားလူပုဂ္ဂိုလ် အဖွဲ့အစည်းများကမဆို ဂျီနိုဆိုက်ကို ထပ်မံမကျူးလွန်ရန်၊ ဂျီနိုဆိုက်ကျူးလွန်ဖို့ ပူးပေါင်းဆောင်ရွက်ခြင်း

[11] မြန်မာနိုင်ငံအပေါ် အပြည်ပြည်ဆိုင်ရာတရားရုံး၌ ဂမ်ဘီယာနိုင်ငံက တရားစွဲဆိုထားခြင်းနှင့်စပ်လျဉ်း၍...၊ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက် သမ္မတရုံး ဝန်ကြီးဌာန {Available from;https:// tinyurl.com/yd3nd92p} မှ ကောက်နုတ်ရရှိပါသည်။ (ကြည့်ရှုသည့်ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၇ ရက်)

မရှိရန်၊ ဂျီနိုဆိုက်ဖြစ်ရန် လှုံ့ဆော်ခြင်း၊ ဂျီနိုဆိုက်တွင် ပါဝင်ပတ်သတ်ခြင်း မရှိရန်နှင့် ဥပဒေမဲ့စီရင်ခြင်းမပြုလုပ်ရန်၊

(ဂ) မြန်မာက သက်သေအထောက်အထားများကို မဖျက်ဆီးရန်၊ သက်သေခံပစ္စည်းများကို အခြားသူများကြည့်ရှုခွင့်၊ လေ့လာခွင့်မရအောင် မပြုလုပ်ရန်၊

(ဃ) မြန်မာ၊ ဂမ်ဘီယာအနေနှင့် မည်သို့သောလက်တုံ့ပြန်သည့် ဆောင်ရွက်ချက်များကိုမှ မပြုလုပ်ရန်နှင့် အခြေအနေပိုမိုဆိုးရွားလာစေမည့် ကိစ္စရပ်များကို မပြုလုပ်ကြရန်၊

(င) ကြားဖြတ်စီမံချက်များ ချမှတ်ခဲ့လျှင် လေးလအတွင်း နှစ်ဖက်နိုင်ငံမှ လုပ်ဆောင်ချက်များကို အစီရင်ခံစာတင်ပြရန်နှင့်

(စ) မြန်မာနိုင်ငံသည် ကုလသမဂ္ဂ၏ အချက်အလက်ရှာဖွေရေးမစ်ရှင်နှင့် အခြားကုလအဖွဲ့အစည်းအားလုံး၏ စုံစမ်းစစ်ဆေးမှုများတွင် ပူးပေါင်းဆောင်ရွက်ရန်တို့ ဖြစ်ပါသည်။[12]

**ICJ မှ မြန်မာနိုင်ငံသို့ ချမှတ်လိုက်သော ကြားဖြတ်စီမံဆောင်ရွက်ချက်များ**

၁၉။ ICJ တွင် လူမျိုးသုဉ်းသတ်ဖြတ်မှုနှင့်စွပ်စွဲ၍ ဂမ်ဘီယာနိုင်ငံမှ မြန်မာနိုင်ငံအပေါ် ကြားဖြတ်အစီအမံများချမှတ်ရန် တောင်းဆိုထားမှုအား ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၃ ရက်တွင် ICJ မှ ဆုံးဖြတ်ချမှတ်ခဲ့ပါသည်။ ၎င်းတို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ဘင်္ဂါလီလူမျိုးများ(ICJ ၏ တရားဝင်ထုတ်ပြန်ချက်အရ ရိုဟင်ဂျာဟု သုံးနှုန်းထားပါသည်)ကို လူမျိုးသုဉ်းသတ်ဖြတ်မှုမှ အကာအကွယ်ပေးရန်၊

(ခ) မြန်မာတပ်မတော်နှင့် လက်နက်ကိုင်တပ်ဖွဲ့များမှ လူမျိုးသုဉ်းသတ်ဖြတ်မှုများ မပြုလုပ်ရန်၊

(ဂ) သက်သေအထောက်အထားများအား မပျက်စီးအောင်ထိန်းသိမ်းရန်နှင့်

[12] ဆန်းမိုးထွန်း၊ ICJ ဆုံးဖြတ်ချက်နှင့် နောက်ဆက်တွဲမေးခွန်းများ၊ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့ထုတ် ELEVEN NEWS {Available from;https://news-eleven.com/article/156373} မှ ကောက်နုတ်ရရှိပါသည်။ (ကြည့်ရှုသည့်ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၃ ရက်)

(ဃ) အမိန့်ချမှတ်သည့်နေ့မှစ၍ လေးလအတွင်း မြန်မာနိုင်ငံ၏ဆောင်ရွက်မှုများကို အစီရင်ခံစာတင်ရန်နှင့် ယင်းနောက်ပိုင်းတွင် လူမျိုးသုဉ်းသတ်ဖြတ်မှုအမှုကြီးအတွက် အပြီးသတ်အမိန့်မချမချင်း ခြောက်လတစ်ကြိမ်အစီရင်ခံစာတင်သွင်းရန် တို့ဖြစ်ပါသည်။[13]

## ကြားဖြတ်အစီအမံများအပေါ် မြန်မာနိုင်ငံမှဆောင်ရွက်နေမှုများ

၂၀။ ICJ မှ ကြားဖြတ်အစီအမံများချမှတ်ပြီး ၂ လအကြာတွင် နိုင်ငံတော်အစိုးရဘက်မှ လူမျိုးသုဉ်းသတ်ဖြတ်မှု တားဆီးရေးနှင့်အပြစ်ပေးရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ် (Genocide Convention) ကို လိုက်နာရန်ဟူသည့် ညွှန်ကြားချက် (အမှတ် ၁/၂၀၂၀) တစ်စောင်အား ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၈ ရက်ရက်စွဲဖြင့် နိုင်ငံတော်သမ္မတရုံးမှ ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါညွှန်ကြားချက်တွင် Genocide Convention ကို အတည်ပြုလက်မှတ်ရေးထိုးထားသည့် မြန်မာနိုင်ငံအနေဖြင့် ယင်းစာချုပ်ပါအချက်များကို လိုက်နာဆောင်ရွက်လျက်ရှိသည်ဟုလည်း ဖော်ပြထားပါသည်။ သဘောတူစာချုပ်အပိုဒ် ၂ ပါ ပြဋ္ဌာန်းချက်များကို ကျူးလွန်ခြင်း၊ ကျူးလွန်ရန်အားထုတ်ခြင်း၊ ကြိုတင်ကြံစည်ခြင်း၊ အားပေးလှုံ့ဆော်ခြင်း၊ ပူးပေါင်းကျူးလွန်ခြင်းတို့နှင့်ပတ်သတ်သည့် ခိုင်လုံသောသတင်းရရှိပါက နိုင်ငံတော်သမ္မတရုံးသို့တင်ပြရန်နှင့် စီမံဆောင်ရွက်မှု၊ တိုးတက်မှုအခြေအနေတို့ကိုလည်း သုံးလတစ်ကြိမ် အစီရင်ခံစာတင်ပြရန်စသည့်အချက်များ ပါရှိပါသည်။ ထို့အပြင် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ သက်သေအထောက်အထားနှင့်ပစ္စည်းများကို ထိန်းသိမ်းထားရှိရေးအတွက် သီးခြားညွှန်ကြားချက် (အမှတ် ၂/၂၀၂၀) တစ်စောင်ကိုလည်း ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၈ ရက်၌ပင် ထပ်မံထုတ်ပြန်ခဲ့ပါသည်။ ထို့ပြင် ပြည်မသို့ တရားမဝင် ဝင်ရောက်လာသည်ဟုဆိုကာ တရားစွဲဆိုဖမ်းဆီးထောင်ချထားသည့် နိုင်ငံသားအထောက်အထားမဲ့ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ မွတ်ဆလင်များအား ပြန်လွှတ်ပေးခြင်း၊ အင်တာနက်ဖြတ်တောက်ခံထားရသည့်ဒေသများအနက်

[13] မြန်မာလိုက်နာဆောင်ရွက်ရမယ့် ကြားဖြတ်အစီအမံ ၄ ချက် နိုင်ငံတကာတရားရုံး အိုင်စီဂျေချမှတ်၊ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့ထုတ် DVB TVNews {Available from; https://www.youtube.com/watch?v=ojwWBfS3Gfk&list=ULQLU–4dWWeps&index=15853} မှ ကောက်နုတ်ရရှိပါသည်။ (ကြည့်ရှုသည့်ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၅ ရက်)

မောင်တောဒေသကို ပြန်လည်ဖွင့်ပေးခြင်း၊ အမုန်းစကားပြန့်ပွားမှုမရှိစေရေး တားဆီးရန်စီမံဆောင်ရွက်ခြင်းစသည်တို့ကို လုပ်ဆောင်ပေးခဲ့သည်ကို တွေ့မြင်ရပါသည်။[14]

၂၁။ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ပြည်သူ့အတွက် စတုတ္ထ(၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် သတင်းမီဒီယာများမှ နိုင်ငံတကာရာဇဝတ်မှုတရားစီရင်ရေးဆိုင်ရာ အထူးအဖွဲ့၏လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေဖြင့် ICJ ကိစ္စရပ်နှင့်ပတ်သတ်၍ အကူအညီများနှင့် အကြံဉာဏ်ပေးခြင်းများ မည်သို့ဆောင်ရွက်လျက်ရှိသည်ကိုမေးမြန်းရာ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာသီတာဦးမှ နိုင်ငံတကာရာဇဝတ်တရားစီရင်ရေးနှင့်ပတ်သတ်၍ အတွေ့အကြုံ ဗဟုသုတ လိုအပ်နေသေးသည့်အတွက် နိုင်ငံတကာရာဇဝတ်မှု တရားစီရင်ရေးဆိုင်ရာအထူးအဖွဲ့က သုတေသနစာတမ်းများကိုပြုစု၍ အကြံပြုချက်များပေးပါကြောင်း၊ ပထမဆုံးအနေဖြင့် လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင် (ICOE) အစီရင်ခံစာကို အကောင်အထည်ဖော်ရေးကိစ္စတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးက ဦးဆောင်၍ အဖွဲ့ဖွဲ့စည်းထားပါကြောင်း၊ ယင်းအဖွဲ့အစည်းအောက်တွင် Task Force အဖွဲ့ဖွဲ့စည်းထားပါကြောင်း၊ ယင်းအဖွဲ့များကို အထူးအဖွဲ့က မည်သည့်ဒေသတွင် ဦးစားပေးဆောင်ရွက်သင့်သည်၊ မည်သည့်မဟာဗျူဟာများဖြင့် မည်သို့ချဉ်းကပ်သင့်သည်တို့ကို အကြံဉာဏ်ပေးပါကြောင်း၊ ICJ သို့ သွားရောက်သည့်ကိစ္စများတွင် အထူးအဖွဲ့က သုတေသနစာတမ်းများရေးသား၍ အဆင့်ဆင့်တင်ပြခြင်းများ ဆောင်ရွက်နေပါကြောင်း၊ ICJ နှင့်ပတ်သတ်၍ ဦးဆောင်ကော်မတီများ၊ လုပ်ငန်းကော်မတီများစသည်ဖြင့် အဆင့်ဆင့်ဖွဲ့စည်းထားပါကြောင်း၊ ကြားဖြတ်အစီအမံများအရ လိုအပ်သည့်အစီရင်ခံစာများရေးသားခြင်း၊ ဘာသာပြန်ခြင်း၊ လိုအပ်ချက်များကို မှတ်ချက်ပြုပေးခြင်းများကိုဆောင်ရွက်နေပါကြောင်း၊ အမုန်းစကားမပြန့်ပွားရေး၊ Genocide Convention ပါ အချက်များလိုက်နာရေး၊ သက်သေခံပစ္စည်းမဖျောက်ဖျက်ရေးစသည့် လိုအပ်သောအမိန့်နှင့် ညွှန်ကြားချက်ထုတ်ပြန်ရာတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေဖြင့် ဘာသာပြန်ခြင်း၊ အမိန့်ညွှန်ကြားချက်များရေးဆွဲခြင်းနှင့် တည်းဖြတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ICJ က ချမှတ်ခဲ့သည့်

---

[14] ဇူးဇူး၊ မြန်မာအစိုးရရဲ့ လေးလပတ်အစီရင်ခံစာမှာ ဘာတွေပါမလဲ၊ ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၁ ရက်နေ့ထုတ် Irrawady news {Available from;https://burma.irrawaddy.com/article/2020/05/21/223022.html} မှ ကောက်နုတ်ရရှိပါသည်။ (ကြည့်ရှုသည့်ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၇ ရက်)

ယာယီအစီအမံများနှင့်ပတ်သတ်၍ အစီရင်ခံစာတင်သွင်းရေး၊ တရားစီရင်မှုရင်ဆိုင်ရေးကိစ္စများတွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနသို့ လိုအပ်သည့်အကူအညီများ ပံ့ပိုးပေးလျက်ရှိပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပါသည်။[15]

၂၂။ ထို့ပြင် အစိုးရအနေဖြင့် ICJသို့ တင်သွင်းရမည့် လေးလပတ်အစီရင်ခံစာဖြစ်သော ပထမ အစီရင်ခံစာအား ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၂ ရက်တွင်လည်းကောင်း၊ ခြောက်လတစ်ကြိမ်တင်သွင်းရမည့် ဒုတိယမြောက်အစီရင်ခံစာအား ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၃ ရက်[16]တွင်လည်းကောင်း နှစ်ကြိမ်တင်သွင်းပြီးခဲ့ပြီး ဖြစ်ပါသည်။ ၎င်းအပြင် ICJ ၌ နှစ်နိုင်ငံလုံးအနေဖြင့် ထပ်မံတင်သွင်းရမည့် ပြန်လည်ချေပလွှာ(Counter-Memorial) အား ဂမ်ဘီယာနိုင်ငံဘက်မှ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၃ ရက်တွင် တင်သွင်းရန် တရားရုံးမှကနဦးအမိန့်ချမှတ်ထားသော်လည်း ကိုရိုနာဗိုင်းရပ်စ်ပိုးကူးစက်ပြန့်ပွားမှု ဖြစ်ပေါ်ခဲ့သောကြောင့် တရားရုံးမှတင်သွင်းရမည့်အချိန်များအား သုံးလစီနောက်ဆုတ်ပေးခဲ့ပါသည်။ ထို့ကြောင့် ၃ လ အကြာ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၃ ရက်တွင် ဂမ်ဘီယာနိုင်ငံဘက်မှ ပြန်လည်ချေပလွှာ တင်သွင်းခဲ့ပါသည်။ မြန်မာနိုင်ငံဘက်မှ တင်သွင်းရမည့် ချေပလွှာအား တရားရုံးမှ ကနဦးတွင် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်ဟု သတ်မှတ်ထားသော်လည်း ဂမ်ဘီယာနိုင်ငံဘက်မှ အဆိုလွှာတင်သွင်းပြီး ၆ လ အကြာ ၂၀၂၁ ခုနှစ်၊ ဧပြီလမှ ပြန်လည်ချေပလွှာ တင်သွင်းရမည်ဖြစ်ပါသည်။[17]

[15] နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သတ်၍ သတင်းစာရှင်းလင်းပွဲကျင်းပ၊ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၀ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ ၁၀ {Available from; https://www.burmalibrary.org/ sites/burmalibrary. org/files/obl/mal_20.6.20.pdf} မှ ကောက်နုတ်ရရှိပါသည်။

[16] မြန်မာအစိုးရက ICJ ထံ ဒုတိယမြောက် အစီရင်ခံစာတင်သွင်း၊ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့ထုတ် Mizzima news {Available from; http://mizzimaburmese.com/article/75966} မှ ကောက်နုတ်ရရှိပါသည်။ (ကြည့်ရှုသည့်ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁ ရက်)

[17] အိုင်စီဂျေလူမျိုးသုဉ်းသတ်ဖြတ်မှု မြန်မာနဲ့ဂမ်ဘီယာနှစ်ဘက်လျှောက်ထားချိန် ၃ လရွှေ့ဆိုင်း၊ ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၅ ရက်ထုတ် BBC News {Available from;https://www.bbc.com/burmese/burma-52794837} မှ ကောက်နုတ်ရရှိပါသည်။ (ကြည့်ရှုသည့်ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၈ ရက်)

## ICJ နှင့်စပ်လျဉ်း၍ လွှတ်တော်မှမေးမြန်းဆောင်ရွက်ချက်များ

၂၃။ ဒုတိယအကြိမ်၊ ပြည်ထောင်စုလွှတ်တော် (၁၆) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၇ ရက်နေ့တွင် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးနိုင်လင်းအောင်မှ “ ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု၏ နောက်ထပ် ဘဏ္ဍာငွေ သုံးစွဲရေးဥပဒေကြမ်း၏မူနှင့် အခြေခံသဘောအပါအဝင် ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ဂမ်ဘီယာ နိုင်ငံမှ မြန်မာနိုင်ငံအပေါ် တရားစွဲဆိုမှုကို ရင်ဆိုင်ဖြေရှင်းရေးအတွက် ကုန်ကျစရိတ်ကျပ်သန်း ၆၈၀ ကို ဖြည့်စွက်တောင်းခံရခြင်းသည် ဥပဒေနှင့်ညီရဲ့လား၊ လုပ်ထုံးလုပ်နည်းနှင့်ညီရဲ့လား” ဟူသည့် မေးခွန်းနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးဦးကျော်တင်မှ ICJ ၌ သွားရောက်ရင်ဆိုင်ဖြေရှင်းရာတွင် ကျခံသည့်အသုံးစရိတ်နှင့်စပ်လျဉ်း ၍ ရှင်းလင်းဖြေကြားသွားခဲ့ပါသည်။[18]

၂၄။ ဒုတိယအကြိမ်၊ ပြည်သူ့လွှတ်တော် (၁၇) ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၅ ရက်တွင် မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း၏ “မြန်မာနိုင်ငံအပေါ် အပြည်ပြည်ဆိုင်ရာတရားရုံး၌ ဂမ်ဘီယာနိုင်ငံမှ တရားလိုပြုလုပ်၍ တရားစွဲဆိုမှုကို ရင်ဆိုင်ဖြေရှင်း ရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာနမှ လုပ်အားအတွက် ကုန်ကျစရိတ်အဖြစ် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံသည့် လိုငွေကျပ်သန်း ၆၈၀ တောင်းခံရာတွင် ကျွမ်းကျင်ပညာရှင်များ ငှားရမ်းခြင်း၊ သီးသန့်တရားသူကြီး ငှားရမ်းခြင်း၊ ဥပဒေအကြံပေးများ ခန့်အပ်ခြင်းများအား တစ်ဦးချင်းစီအလိုက် မည်မျှကုန်ကျသည်ကို အသေးစိတ်ရှင်းလင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် ခရီးစရိတ်ကုန်ကျငွေနှင့် လေးလံပစ္စည်းသယ်ယူစရိတ်များအတွက် ကျပ် ၃၅၁ ဒသမ ၆၀၀ သန်းကိုလည်း စနစ်တကျအသေးစိတ်စိစစ်ရှင်းလင်းပေးရန် အစီအစဉ်ရှိ/မရှိ”မေးခွန်းကို မေးမြန်းခဲ့ပါသည်။ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က ICJ တွင် တရားစီရင်ခြင်းကိစ္စသည် နိုင်ငံတော်နှင့်ပြည်သူတစ်ရပ်လုံး၏ အကျိုး စီးပွားနှင့် နိုင်ငံတော်၏ပုံရိပ်တို့နှင့်သက်ဆိုင်သည့် အရေးကြီးသောကိစ္စဖြစ်သည့်အတွက် တရား

---
[18] ဒုတိယအကြိမ်၊ ၁၆ ကြိမ်မြောက် ပြည်ထောင်စုလွှတ်တော်ပုံမှန်အစည်းအဝေး၊ ပဉ္စမနေ့မှတ်တမ်းမှ ကောက်နုတ်ရရှိပါသည်။

ရင်ဆိုင်ရာတွင်ကုန်ကျသည့် ကျွမ်းကျင်ပညာရှင် ရှေ့နေများငှားရမ်းခြင်း၊ ဥပဒေအကြံပေးများ ခန့်အပ်ခြင်းစသည့် အသုံးစရိတ်များသည် နိုင်ငံတော်၏ဘဏ္ဍာမှ ကျခံသုံးစွဲခွင့်ရှိသည့်ကိစ္စဖြစ်ပါသည်။ အဆိုပါအသုံးစရိတ်များသည် နိုင်ငံခြားရေးဝန်ကြီးဌာန၏ သာမန်အသုံးစရိတ်များဖြစ်သည့်အပြင် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနအောက်တွင်ရှိသည့်ကော်မတီ ၃ ရပ်၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယသမ္မတအဆင့်ထိ တစ်ဆင့်ပြီးတစ်ဆင့် စိစစ် စစ်ဆေးပြီး ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတို့မှ အသေးစိတ်အဆင့်ဆင့်စိစစ်အတည်ပြုခွင့်ပြုပေးခဲ့သည့် အသုံးစရိတ်များဖြစ်ပါသည်။

၂၅။ မြန်မာနိုင်ငံအပေါ် အပြည်ပြည်ဆိုင်ရာတရားရုံး၌ ဂမ်ဘီယာနိုင်ငံ၏ တရားစွဲဆိုမှုကို ဖြေရှင်းရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာနမှ လုပ်အားခအတွက် ကုန်ကျငွေအဖြစ် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာနှစ် ဖြည့်စွက်ခွင့်ပြုငွေ ငွေကျပ်သန်း ၆၈၀ တောင်းခံသည့်ကိစ္စနှင့်စပ်လျဉ်း၍ ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၇ ရက်တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၆) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဥ္စမနေ့၌ ယင်းသို့ဖြည့်စွက်တောင်းခံခဲ့ရခြင်းကိစ္စသည် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ကြောင်းကိုလည်း အသေးစိတ်ရှင်းလင်း တင်ပြခဲ့ပြီး ဖြစ်ပါသည်။

၂၆။ ခရီးစရိတ်ကုန်ကျငွေနှင့် လေးလံပစ္စည်းသယ်ယူစရိတ်များအတွက် ငွေကျပ် သန်း ၃၅၁ ဒသမ ၆၀၀ ကို စနစ်တကျအသေးစိတ်ရှင်းလင်းပေးရန် အစီအစဉ်ရှိ/မရှိ သိလိုခြင်းနှင့် စပ်လျဉ်း၍ လုပ်ထုံးလုပ်နည်း၊ ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းနှင့်မညီညွတ်ကြောင်း တွေ့ရှိပါက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့တင်သွင်းမည့် ယင်း၏စာရင်းစစ်အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြသွားမည်ဖြစ်ပါသည်။ ထို့ပြင် ICJ တွင် ရင်ဆိုင်နေရသည့် အမှုအတွက် မိမိတို့ငှားရမ်းထားသည့် နိုင်ငံတကာရှေ့နေကြီးများ၏ အခကြေးငွေများ၊ အသုံးစရိတ်များကို အသေးစိတ်ထုတ်ဖော်ပြောကြားခြင်းမပြုရန် ကျင့်ဝတ်ကိုလိုက်နာရန် တာဝန်လည်းရှိပါသည်။ ICJ တွင် တရားရင်ဆိုင်ရာတွင် ကုန်ကျသည့်အသုံးစရိတ်များ၏ အသုံးစရိတ်ရှင်းတမ်း၊ ခရီးစရိတ်ကုန်ကျငွေ

နှင့် လေးလံပစ္စည်းသယ်ယူစရိတ်များ၏ အသေးစိတ်ရှင်းတမ်းများကို ဘဏ္ဍာရေးစည်းမျဉ်း လုပ်ထုံးလုပ်နည်းနှင့်အညီ စာရင်းစစ်အဖွဲ့တွင် စစ်ဆေးခံသွားမည်ဖြစ်သည့်အတွက် ပြည်သူ့လွှတ်တော်တွင် သီးခြားရှင်းလင်းတင်ပြရန် အစီအစဉ်မရှိပါကြောင်း ရှင်းလင်းဖြေကြားခဲ့ပါသည်။[19]

**သုံးသပ်ချက်များနှင့်အမြင်များ**

၂၇။ "ဂမ်ဘီယာနိုင်ငံသည် မြန်မာနိုင်ငံကို ICJ ၌ တရားစွဲဆိုခြင်း၊ ICJ ၌ ဂမ်ဘီယာနိုင်ငံဘက်မှ ရှေ့နေက ကြေညာချက်များထုတ်ပြန်ခြင်း စသည့်ဖြစ်စဉ်များသည် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ စုံစမ်းရေးမစ်ရှင်ကို အလုံးစုံမှီတည်ထားခြင်း ဖြစ်ပါသည်။ ထိုမစ်ရှင်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဒုက္ခသည်စခန်းမှ ဒုက္ခသည်များ၏ကြေညာချက်ကို မှီခိုထားသောကြောင့် အန္တရာယ်ကြီးသောလုပ်ဆောင်ချက်လည်း ဖြစ်ကြောင်း၊ ထို့ပြင် သင့်တင့်လျောက်ပတ်သော စုံစမ်းစစ်ဆေးမှုများမရှိဘဲ သက်သေမခိုင်မာသော ကြေညာချက်များအားအခြေခံ၍ လူ့အခွင့်အရေးအဖွဲ့များသည် မြန်မာနိုင်ငံအား ရှုတ်ချခဲ့ကြောင်း၊ လူ့အခွင့်အရေးကို အခိုင်မာဆုံးကာကွယ်ပေးနိုင်ရန်အတွက် ကုလသမဂ္ဂနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများက အထောက်အထားမခိုင်လုံသော ဇာတ်ကြောင်းများကို အမှီပြုနေသည့် နည်းလမ်းများအား ပြုပြင်ပြောင်းလဲရန်လိုအပ်ကြောင်းနှင့် အမှန်တရားကိုရှာဖွေနေသော စုံစမ်းစစ်ဆေးသူများသည် သတိဝီရိယရှိနေရန် ညီတူညီမျှအရေးကြီးပါကြောင်း"ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ဗြိတိန်နိုင်ငံအခြေစိုက် Financial Times သတင်းစာတွင် ဆောင်းပါးရေးသားခဲ့ပါသည်။[20]

၂၈။ "ICJ မှ ချမှတ်ခဲ့သော ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ ဂမ်ဘီယာနိုင်ငံက တောင်းဆိုခဲ့သည့် ကြားဖြတ်စီမံချက်များအားလုံးကို ချမှတ်ခြင်းမျိုးမဟုတ်ဘဲ အချက်အလက်အချို့ကိုသာ ချမှတ်ပေးခြင်းဖြစ်ပြီး အထူးသဖြင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို ထိခိုက်စေသည့်အချက်များ ပါဝင်ခြင်း မရှိသည်ကို တွေ့ရှိရကြောင်း" အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊

---

[19] ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ၁၇ ကြိမ်မြောက်ပုံမှန်အစည်းအဝေး၊ တတိယနေ့မှတ်တမ်းမှ ကောက်နုတ်ရရှိပါသည်။

[20] Aung San Suu Kyi, Give Myanmar time to deliver justice on war crime, Financial Times {available from; https://www.ft.com/content/dcc9bee6-3d03-11ea-b84f-a62c46f39bc2} မှ ကောက်နုတ်ရရှိပါသည်။ (ကြည့်ရှုသည့်ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၉ ရက်)

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်မှ ပြောကြားခဲ့ပါသည်။[21] "ကြားဖြတ်အစီအမံ (Provisional Measures) ချမှတ်သည့်အချက် ၄ ချက်ထဲမှ စာတစ်လုံးချင်း၊ တစ်ကြောင်းချင်းမှာ နိုင်ငံ၏ အချုပ်အခြာအာဏာကို ထိပါးထားခြင်းမရှိပါ၊ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ Convention ပါတာဝန်ရှိမှုများအား လိုက်နာဆောင်ရွက်ရမည့်ကိစ္စများကို တရားဝင်တင်ပြရန်ဟူသည့် အဓိပ္ပာယ် ကိုသာတွေ့မြင်မိပါကြောင်း" ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာသီတာဦး မှ ၎င်း၏အမြင်ကို ဖော်ပြထားပါသည်။[22]

၂၉။ "ICJ ၏ ကြားဖြတ်ဆုံးဖြတ်ချက်လေးရပ်ချမှတ်ခဲ့ခြင်းသည် မြန်မာနိုင်ငံ၏ အချုပ်အခြာ အာဏာကို ထိန်းချုပ်ခံလိုက်ရသည့်အပြင် ICJ ၏ဆုံးဖြတ်ချက်များသည် မြန်မာနိုင်ငံက ငြင်းပယ် ထားသည့် နိုင်ငံတကာအချက်အလက်ရှာဖွေရေးအဖွဲ့၏ အစီရင်ခံစာပါအချက်အလက်များကို ကိုးကား၍ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် ခက်ခဲသည့်နိုင်ငံရေးနှင့်လုံခြုံရေးအခြေအနေ များကို ရင်ဆိုင်နေရသည့် နိုင်ငံဖြစ်သော်လည်း ICJ အနေဖြင့် ထိုအချက်များကို ထည့်သွင်းစဉ်းစားခဲ့ ခြင်းမရှိပါကြောင်း" အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ပါတီပြောရေးဆိုခွင့်ရှိသူ ဒေါက်တာမျိုးညွန့်မှ ပြောကြားခဲ့ပါသည်။[23] "ဂမ်ဘီယာနိုင်ငံ၏ တောင်းဆိုချက်ထဲတွင် ကုလသမဂ္ဂ၏အချက်အလက် ရှာဖွေရေး အဖွဲ့အားလုံးနှင့် အခြားကုလသမဂ္ဂအဖွဲ့အစည်းများအားလုံးက စုံစမ်းစစ်ဆေးမှုများတွင် ပူးပေါင်း ဆောင်ရွက်ရန်ဆိုသည့် အချက်ပါဝင်နေသည့်အတွက် ICJ က ဂမ်ဘီယာကတင်ပြသော အချက် ၆ ချက်အားလုံးကိုသာ ချမှတ်မည်ဆိုလျှင် ကုလသမဂ္ဂအချက်အလက်ရှာဖွေရေးအဖွဲ့အားလုံး နှင့် မြန်မာနိုင်ငံသည် ပူးတွဲလုပ်ဆောင်ရမည့် အနေအထားမျိုးတွင် ရှိနေပါသည်။ သို့သော် လူမျိုးသုဉ်းသတ်ဖြတ်မှု ရှိ/မရှိ တရားရုံးက စစ်ဆေးနေစဉ်ကာလအတွင်း မြန်မာနိုင်ငံဘက်မှ ဆောင်ရွက်မည့်အစီအစဉ်များကို လေးလအတွင်း တရားရုံးသို့ အစီရင်ခံစာတင်ရန်နှင့် ခြောက်လ တစ်ကြိမ် ပုံမှန်အစီရင်ခံစာတင်ရန်ဆိုသည့်အချက်သည် မြန်မာနိုင်ငံကို ချည်နှောင်ထားသည့်

[21] ဆန်းမိုးထွန်း၊ ICJ ဆုံးဖြတ်ချက်နှင့် နောက်ဆက်တွဲမေးခွန်းများ၊၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၆ ရက်ထုတ် Eleven news {Available from; https://news-eleven.com/article/156373} မှ ကောက်နုတ်ရရှိပါသည်။ (ကြည့်ရှုသည့်ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၂ ရက်)

[22] ICJ ၏ ကြားဖြတ်စီမံဆောင်ရွက်ချက်ချမှတ်ခြင်းဆိုင်ရာ အတွေ့အကြုံများစကားဝိုင်း ကျင်းပ၊ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့ သမ္မတရုံးဝန်ကြီးဌာန website {Available from; https://tinyurl.com/y69qjk7y} မှ ကောက်နုတ်ရရှိပါသည်။ (ကြည့်ရှုသည့်ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၉ ရက်)

[23] စိုင်းဝဏ္ဏ၊ ICJ အဆုံးအဖြတ်သည် နိုင်ငံအချုပ်အခြာကို ထိန်းချုပ်သကဲ့သို့ ခံစားရဟုဆို၊ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၄ ရက်ထုတ် မြန်မာတိုင်းမ်းသတင်း {Available from; https://myanmar.mmtimes.com/news/134312.html } မှ ကောက်နုတ်ရရှိပါသည်။ (ကြည့်ရှုသည့်ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၉ ရက်)

အချက်ဖြစ်ကြောင်း” နိုင်ငံတကာဥပဒေပညာရှင် ဒေါက်တာဆလိုင်းငွန်ကျုံးလျန်မှ သုံးသပ်ထားပါသည်။[24]

**နိဂုံး**

၃၀။ ICJ အရေးသည် “နိုင်ငံတော်အရေး” ကိစ္စတစ်ခုဖြစ်ပါသည်။ နိုင်ငံအရေးကိစ္စတစ်ခု ဖြစ်သောကြောင့် ပြည်သူအားလုံးနှင့်သက်ဆိုင်၍ နိုင်ငံသားများအနေဖြင့် မိမိနိုင်ငံကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသည်နှင့်အညီ စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းဖြေရှင်းရမည်သာဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံအနေဖြင့် ICJ ၏ ကြားဖြတ်အစီအမံများအား လိုက်နာဆောင်ရွက်ရာတွင် တရားမျှတစွာနှင့် အကောင်းဆုံးဖြစ်နိုင်မည့်အရေးအား တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုစေနိုင်ရန် ရည်ရွယ်၍ ဤစာတမ်းတိုအား ရေးသားတင်ပြလိုက်ရပါသည်။

သုတေသနဌာန

ပြည်သူ့လွှတ်တော်ရုံး

**ဤစာတမ်းတိုအား ဒေါ်မျိုးကေသွယ်အောင် (အငယ်တန်းစာရေး) မှ တာဝန်ယူရေးသား၍ သုတေသနဌာနမှ အရာထမ်းအဆင့်ဆင့်က ဝိုင်းဝန်းကြီးကြပ်တည်းဖြတ်၍ ထုတ်ဝေခြင်း ဖြစ်ပါသည်။**

[24]ဆန်းမိုးထွန်း၊ ICJ ဆုံးဖြတ်ချက်နှင့် နောက်ဆက်တွဲမေးခွန်းများ၊ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၆ ရက်ထုတ် Eleven news {Available from;https://news-eleven.com/article/156373} မှ ကောက်နုတ်ရရှိပါသည်။ (ကြည့်ရှုသည့်ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၂ ရက်)

## သတိပြုရန်

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာတာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာကိစ္စ တစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တပြေးညီ နောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ်မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာအကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များလိုအပ်ပါက အရည်အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော် သုတေသနဝန်ဆောင်မှုသည် စာတမ်းတိုများတွင် ပါဝင်သောအကြောင်းအရာများနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများ နှင့် ဆွေးနွေးမှုများ ပြုလုပ်ပေးနိုင်ပါသည်။ အများပြည်သူနှင့် ဆွေးနွေးမှုများ ပြုလုပ်ခြင်းမရှိပါ။

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန်
(သို့မဟုတ်) သုတေသနဌာနအား လာရောက်လေ့လာရန်
အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။
သုတေသနဌာန
ပြည်သူ့လွှတ်တော် C ဆောင် - ဒုတိယထပ်
တယ်လီဖုန်း - ၀၆၇ - ၅၉၁၂၈၄၊ ၀၆၇ - ၅၉၁၂၈၅